ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-11-2011) (၆၉၅၉)

**ဒို့တာဝန်အရေးသုံးပါး**
- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# သီးနှံပိုမိုထုတ်လုပ်နိုင်ရေးကို လုပ်ဆောင်ကြရာတွင် ခေတ်မီနည်းစနစ်ဖြင့် ပြောင်းလဲကျင့်သုံး
# အတွေ့အကြုံနှင့် ဗဟုသုတများကို ဓာတ်ခွဲခန်းတွင်မထားခဲ့ဘဲ လယ်ကွင်းများအထိ ရောက်ရှိသွားရန်လို
# ကျေးလက်ဒေသများတွင် လယ်ယာကဏ္ဍကိုအခြေပြုသည့်စက်ရုံများ ပေါ်ထွန်းလာရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိက တာဝန်ကြီး(၃)ရပ်မှာ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးတို့ဖြစ်သည်။ စိုက်ပျိုးနည်းပညာများ စဉ်ဆက်မပြတ် တိုးတက်စေရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနကို ၂၀၀၄ ခုနှစ်တွင် အသစ်တည်ထောင်ခဲ့သည်။**

ယင်းဦးစီးဌာနကို ဌာနခွဲ ခုနစ်ခု၊ သီးနှံ့ဗဟိုသုတေသနခြံ ခုနစ်ခြံ၊ ဒေသသုတေသနခြံ ၁၇ ခြံတို့ဖြင့် ဖွဲ့စည်းပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒေသအလိုက် သင့်တော်သည့် အထွက်ကောင်းမျိုးများနှင့် စပ်မျိုးများ၊ သီးနှံအလိုက်၊ ဒေသအလိုက် အကျိုးအမြတ်အများဆုံးရရှိ၍ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းနိုင်မည့် စိုက်ပျိုးနည်းစနစ်များဖော်ထုတ်ခြင်း၊ သီးနှံ့ဗီဇမျိုးကွဲများအား ထိန်းသိမ်းအသုံးချရန် မျိုးစေ့ဘဏ် တည်ထောင်ဆောင်ရွက်ခြင်းနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စုဆောင်းရရှိထားသော သီးနှံ့ဇီဝမျိုးကွဲများပြခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး ဧက ၁၀၀ မျိုးစေ့ထုတ်လုပ်ခြင်း သုတေသနစိုက်ခင်း၌ ကြည့်ရှုစဉ်။** (သတင်းစဉ်)

ကြေးမုံ စာတည်းရှုထောင့်

၃၀-၁၁-၂၀၁၁ [ဗုဒ္ဓဟူးနေ့]။

# ပြည်သူ့ဘဝလုံခြုံမှု အစဉ်ဂရုပြု

နယ်မြေတစ်ခု၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် အဆိုပါနယ်မြေဒေသအတွင်း တည်ငြိမ်အေးချမ်းမှုများနှင့် ဆက်နွှယ်မှုရှိသည်။ နိုင်ငံတစ်ဝန်း တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းလုံခြုံမှု အပြည့်အဝရှိသည်နှင့်အမျှ စီးပွားကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ သွက်လက်စည်ကားလာမည်။ ပြည်သူအများ၏ လူနေမှုဘဝများ ပိုမိုပြည့်စုံလာမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ကြီးမားသည့်မြို့ပြဧရိယာအဝန်းအဝိုင်းအတွင်း လူနေထိုင်မှု သိပ်သည်းထူထပ်လာသည့်အခါ ရာဇဝတ်မှုခင်းများ ဖြစ်ပေါ်နေခြင်းသည် အဆန်းတကျယ်မဟုတ်ပေ။ သို့သော် မင်းမဲ့စရိုက်ဆန်ဆန် အုပ်စုဖွဲ့၍ လုယက်ရမ်းကားသတ်ဖြတ်မှုဖြစ်စဉ်များ ပေါ်ပေါက်လာနေခြင်းသည် တရားဥပဒေစိုးမိုးရေးတာဝန်ယူရသည့် အထူးသတိပြုစရာဖြစ်သည်။

စီးပွားရေးမြို့တော်အဖြစ် ထင်ရှားသည့် ရန်ကုန်မြို့အတွင်း မြို့နယ်အချို့၌ မကြာသေးမီက ဖြစ်ပွားခဲ့သော မှုခင်းဖြစ်စဉ်များသည် ရုပ်ရှင်ဇာတ်ဝင်ခန်းဆန်ဆန် မှုခင်းများ၊ အုပ်စုဖွဲ့ကျူးလွန်မှုများ၊ လုယက်သတ်ဖြတ်မှုများအထိ လက်ရဲဇက်ရဲ ကျူးလွန်လာသည်ကို တွေ့မြင်ကြားသိနေရသည်။ တရားဥပဒေနှင့်အညီ တာဝန်ယူနေကြသူများနှင့် လက်တစ်ကမ်းအကွာတွင် မင်းမဲ့စရိုက်ဆန်ဆန် ပြုကျင့်လာမှုသည် တရားဥပဒေစိုးမိုးရေးကို စိန်ခေါ်ခြင်းဖြစ်သည်ဟု သုံးသပ်လိုပေသည်။

အမျိုးသမီးများအပါအဝင် အများပြည်သူတို့သည် ဌာနဆိုင်ရာလုပ်ငန်းများ၊ ရောင်းရေးဝယ်တာလုပ်ငန်းများကို နေ့ညမပြတ် တာဝန်ယူလှုပ်ရှားနေကြရသည်ဖြစ်ရာ လုံခြုံစိတ်ချစွာ သွားလာလုပ်ကိုင်နိုင်ရန် လိုအပ်သည်။ ကာယကံရှင်များကိုယ်တိုင်နှင့် နေအိမ်တွင် ကျန်ရစ်သောမိသားစုဝင်များ စိတ်အေးချမ်းသာမှုရရှိရေး ဖန်တီးပေးရန် တာဝန်ရှိသည်။ ပြည်သူများအပေါ် တရားဥပဒေနှင့်အညီ ကူညီစောင့်ရှောက်ကြရပါမည်။ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး မပြတ်ကာကွယ်ပေးသွားကြရပါမည်။

မှုခင်းများ ကျဆင်းရေးဆောင်ရွက်ရာတွင် ကြိုတင်ကာကွယ်တားဆီးရေးသည် အရေးပါသည်။ မိမိတို့ မြို့နယ်အတွင်း မှုခင်းကျော်စောမှုရှိသူများ ရောက်ရှိလှုပ်ရှားမှုများရှိက သတိပြုစောင့်ကြည့်ကြရမည့်အပြင် ပြည်သူများ၏ ပူးပေါင်းကူညီမှုများကိုလည်း ရယူကြရပါမည်။ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် မြို့ပြလုံခြုံရေးဆောင်ရွက်မှုသည် ခရီးရောက်နိုင်ပေသည်။

မည်သို့ပင်ဆိုစေ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများသည် ဥပဒေဘက်တော်သားများပီပီ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ပြည်သူတို့ဘဝကို စာနာထောက်ထား စောင့်ရှောက်မှုများပေးကြရာတွင် အများပြည်သူတို့ဘဝ လုံခြုံမှုကို ထိပါးလာသည့် မည်သည့်အမှုအခင်းမျိုးကိုမဆို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါသည်။ ။

# မိုးကုတ်မြို့နယ် ကျတ်ပြင်မြို့ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်စိုက်ထူ

နေပြည်တော် နိုဝင်ဘာ ၂၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် မိုးကုတ်မြို့နယ် ကျတ်ပြင်မြို့ (၁၆ )ခုတင်ဆံ့ တိုက်နယ်ဆေးရုံ၌ ဆေးပဒေသာပင်အလှူငွေများကို စိုက်ထူလှူဒါန်းခဲ့သည်။**

ယခုလှူဒါန်းမှုမှာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီး ဒေါ်ခင်သန့်စင် မိသားစု၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့၏ မတည်လှူဒါန်းငွေအပါအဝင် အလှူရှင် ၁၀ ဦးတို့၏ စုစုပေါင်းလှူဒါန်းငွေ ဆေးပဒေသာပင် အလှူငွေကျပ်သိန်း ၃၀၀ ကို စိုက်ထူလှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ငွေလှူဒါန်းမှုအပြီးတွင် တိုက်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမင်းထင်နှင့် ရပ်မိရပ်ဖများက ကျတ်ပြင်မြို့သည် လူဦးရေ တစ်သိန်းနှစ်သောင်းကျော် နေထိုင်လျက်ရှိပြီး ပတ်ဝန်းကျင်ကျေးရွာများကပါ မှီခိုအားထားနေရသော လက်ရှိ ကျတ်ပြင်တိုက်နယ်ဆေးရုံသည် လွန်ခဲ့သော ၁၉၇၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သောကြောင့် သက်တမ်း (၃၇)နှစ်ရှိနေပြီ ဖြစ်ကြောင်း၊ နေ့စဉ်လူနာဦးရေနှင့် မလုံလောက်သဖြင့် ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုကြောင်း၊ အဆောက်အအုံထပ်မံလိုအပ်ချက်ကို မြို့လူထုက ထည့်ဝင်လှူဒါန်းမည်ဖြစ်ပါကြောင်းဖြင့် တင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ခုတင်(၅၀)ဆံ့ ဆေးရုံဖြစ်မြောက်ရေးအတွက် နိုင်ငံတော်သို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်အစိုးရထံ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုစုတင်ပြရမည်ဖြစ်သည်ဟု ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ လျှပ်တစ်ပြက်
၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၆။ ဇာတ်လမ်းတို
၄း၃၅ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၄၅ ၈။ ရွှေဟောင်းသုတ
၅း၀၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂၁)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ **Mail Box**
၆း၃၅ ၁၄။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း -၂)
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ ကောင်းကင် (အပိုင်း-၃၁)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -သရုပ်ဆောင်အင်တာဗျူး (သူရလင်း၊ ရီရီပွင့်ဖြူနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၂။ လျှပ်တစ်ပြက်
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁၅)**
၂၅။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

# သံတွဲမြို့နယ် မြပြင်ကျေးရွာ၌ မျက်စိအထူးကုအဖွဲ့ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးကံညွန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အတွင်း ရခိုင်ပြည်နယ် သံတွဲမြို့နယ် မြပြင်ကျေးရွာ မျက်စိအထူးကုဆေးခန်း၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

အဆိုပါအဖွဲ့တွင် မျက်စိအထူးကုဆရာဝန်နှင့် အကူဆရာဝန် ခုနစ်ဦး၊ သူနာပြုဆရာမ ငါးဦး စုစုပေါင်း ၁၂ ဦး ပါရှိပြီး မျက်စိဝေဒနာရှင် ၆၃၉ ဦးအား အခမဲ့ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်လူနာ ၁၂၁ ဦးတို့အား အခမဲ့ ခွဲစိတ်ပေးခဲ့ခြင်း ဖြစ်သည်။ မျက်စိဝေဒနာရှင်များမှာ သံတွဲ၊ ဂွ၊ ကျောက်ဖြူနှင့် တောင်ကုတ်မြို့နယ်များမှ ဖြစ်ပြီး ခွဲစိတ်ရာသို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ဝန်ကြီးဦးကျော်ခင်နှင့် ဝန်ကြီး ဒေါက်တာအောင်ကျော်မင်းတို့ လာရောက် အားပေးကြသည်။

ထိုသို့ကုသရာတွင် ကုန်ကျစရိတ်များကို အလှူရှင်များဖြစ်ကြသည့် ရန်ကုန်မြို့ ဘောက်ထော်ရပ်နေ ဒေါက်တာ ဦးတင်ကြည် - ဒေါ်သန်းငွေမိသားစု၊ စင်ကာပူမှ ဒေါက်တာ ဦးစုံဟန် - ဒေါ်တင်တင်ထွေး မိသားစု၊ ရန်ကုန်မြို့ Mother Trading and Construction မှ ဦးအောင်မြတ် မိသားစုနှင့် အင်းစိန်မှ ဦးကြည်လင်း- ဒေါ်စံစံဝင်းမိသားစုတို့က လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၉-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၂၉၄၄ | ၀. ၀၃၁၉၅ |
| တရုတ် (ယွမ်) | ၆. ၃၇၅၇၀ | ၀. ၁၅၆၈၅ |
| အိန္ဒိယ (ရူပီး) | ၅၂. ၀၂၀၀ | ၀. ၀၁၉၂၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၂၆၀ | ၀. ၃၁၄၂၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၉၆၈၄ | ၀. ၇၇၁၁၀ |
| ဂျပန် (ယန်း) | ၇၇. ၇၆၃၇ | ၀. ၀၁၂၈၆ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၄၃. ၀၉ | ၀. ၀၀၀၈၇ |
| ယူရို | ၀. ၇၄၈၈၇ | ၁. ၃၃၅၃၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၉၄၆ | ၁. ၅၆၃၈၂ |

*အင်တာနက်။*



# လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းဝေးခန်းမဆောင်၌ နိုဝင်ဘာ ၂၆ ရက် နံနက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်၊ အရန်အဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌဗိုလ်မှူးကျင်မိုန်(ငြိမ်း)က အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် ဧည့်သည်များက တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ အထက်တန်း၊ အလယ်တန်းကျောင်းသား၊ ကျောင်းသူများနှင့် သက်ကြီးရွယ်အိုအဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များ၊ အသက်(၆၀)အောက် အဖွဲ့ဝင်၊ အရန်အဖွဲ့ဝင်များနှင့် လသာမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ လှူဒါန်းထောက်ပံ့ငွေကျပ် ၁၀၉၄၀၀၀ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(၄၁)

# သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး



နိုဝင်ဘာ ၂၉ ရက်က ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံကြီး၌ ငွေကျပ် ၁၀ သိန်းတန်ဖိုးရှိ Alnate (Alendronic Acid-70 mg) 2000 Tablet အား Wut Hmone Trading Co., Ltd. မှ C.E.O ဒေါက်တာစောဝင်းက ရန်ကုန်အရိုးရောဂါအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာဦးဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



နိုဝင်ဘာ ၂၄ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၉) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသော မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဝင်း ဟောပြောဆွေးနွေးစဉ်။ (ကြေးမုံ)

# ကုန်သည်/စက်မှုအသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြီးမှူးကျင်းပသော လစဉ် ဘာသာရပ်ဆိုင်ရာဟောပြောပွဲ (ဒီဇင်ဘာ/၂၀၁၁)ကို ဒီဇင်ဘာ ၃ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်)ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဦးဝင်းမြင့်က “ မြန်မာနိုင်ငံမြို့ပြများ၏ ဖွံ့ဖြိုးမှုအလားအလာ၊ စိန်ခေါ်မှုနှင့် ပုဂ္ဂလိကကဏ္ဍ၏ အခွင့်အလမ်းများ” ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ **ကျောဖုံးမှ**

General Ma Xiaotian၊ ရေတပ်ဒုတိယနိုင်ငံရေးမှူး Lt. Gen. Wang Zhaohai၊ လေတပ်ဦးစီးမှူး Maj. Gen. Yang Guohai၊ စစ်ဦးစီးဌာန ဌာနမှူး Maj. Gen. Bai Jiangjun၊ စစ်ထောက်လှမ်းရေးဌာန ဌာနမှူး Maj. Gen. Chen Youyi၊ စစ်ဦးစီးနှင့် လေ့ကျင့်ရေးလက်ရုံး တပ်ဖွဲ့ဌာနမှူး Maj. Gen. Chen Zhaohai၊ ကာကွယ်ရေးဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် Maj. Gen. Qian Lihua နှင့် မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col. Xiong Shao Wei တို့ တက်ရောက်ကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် General Chen Bingde တို့သည် ညနေ ၄ နာရီတွင် ပေကျင်းမြို့ရှိ Bayi (ဩဂုတ်-၁) တပ်မတော်ခန်းမ၌ နှစ်နိုင်ငံ တပ်မတော်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာရေး၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းလုံခြုံရေးခြိမ်းခြောက်မှုဆိုင်ရာကိစ္စရပ်များကို နှစ်ဖက်အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် General Chen Bingde တို့သည် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန်လဲလှယ်ကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် General Chen Bingde တို့ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့သို့ ရောက်ရှိ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ နိုင်ငံခြားဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Maj. Gen. Qian Lihua ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၂၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှထွက်ခွာရာ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။**

မြန်မာ့တပ်မတော် အဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan ပြည်နယ် ဒုတိယစစ်ဒေသမှူး Maj. Gen. Yang Jin Rui၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yunnan ပြည်နယ် ဒုတိယစစ်ဒေသမှူးတို့သည် ခေတ္တနားနေမည့် 2 VIP Lounge ဧည့်ခန်းမတွင် နှုတ်ဆက်စကားပြောကြားကြပြီး ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာကြရာ ညပိုင်းတွင် ပေကျင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၊ နိုင်ငံခြားဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Maj. Gen. Qian Lihua နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col. Xiong Shao Wei၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် သံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် Maj. Gen. Qian Lihua တို့သည် T.3 VIP ဧည့်ခန်းမတွင် နှုတ်ဆက်စကားပြောကြားခဲ့ကြပြီး မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် Kuntai Royal Hotel သို့ ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြေပုံမြို့နယ် စိတ္တရကျေးရွာ မီးဘေးသင့်ပြည်သူများအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၉

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် နိုဝင်ဘာ ၂၅ ရက်တွင် မြေပုံမြို့နယ် စိတ္တရကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ကျင်းပသည့် မီးဘေးသင့်ပြည်သူများအား ငွေနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။**

အခမ်းအနားတွင် မြေပုံမြို့နယ် အုပ်ချုပ်ရေးမှူးက မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်ကျော်၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးအေး၊ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးသာလူချေ၊ ချင်းတိုင်းရင်းသားကိုယ်စားလှယ် ဦးကိုကိုနိုင်၊ ပြည်နယ်ပညာရေးမှူးနှင့် အလှူရှင်များက မီးဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ကျောင်းသုံးစာအုပ်များ၊ အစားအသောက်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယနေ့ လှူဒါန်းသည့်ပစ္စည်းများမှာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ သွပ်မိုးများ၊ စောင်၊ မိုးကာလိပ်၊ သောက်ရေသန့်နှင့် အသင့်စား ခေါက်ဆွဲခြောက်ထုပ်များဖြစ်ပြီး ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် အလှူရှင်များက ပံ့ပိုးငွေကျပ် ၁၀၃၄၀၀၀၀ ကျော်ခန့်ဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကမ်းထောင့်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့တက်ရောက်ပြီး ကမ်းထောင့်ကြီးကျေးရွာ ခေတ်ရွှေ့ဆောင်စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အထွေထွေဘဏ်လုပ်ငန်းသင်တန်း(ရန်ကုန်) ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီကဦးစီး၍ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သော အထွေထွေဘဏ်လုပ်ငန်းသင်တန်း(ရန်ကုန်) အမှတ်စဉ်(၂၉) ဖွင့်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သင်တန်းသား တစ်ဦး၊ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိက ဘဏ်များမှ သင်တန်းသား ၅၆ ဦး စုစုပေါင်း ၅၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်နှစ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**အမှာစကားပြောကြား**

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း အထွေထွေဘဏ်လုပ်ငန်းသင်တန်း(ရန်ကုန်) အမှတ်စဉ်(၂၉) ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# နေပြည်တော် တပ်ကုန်းမြို့နယ်၌ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော် တပ်ကုန်းမြို့နယ် လက်ပံတောကျေးရွာ၊ ဗျိုင်းအင်းကျေးရွာ၊ ရွှေသင်ဖြူးကျေးရွာနှင့် ရှားတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်များ ပြုပြင်ဆောက်လုပ်ပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် လက်ပံတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေနှင့် ဒေါက်တာသန်းအောင်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလူ၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးထွန်းထွန်းနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင်များနှင့် အမှတ်(၂)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လက်ပံတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက ယနေ့ဖွင့်လှစ်သည့် ကျောင်းတစ်ကျောင်းလျှင် ပညာရေး ငွေပဒေသာပင် ငွေကျပ် ၁၀သိန်းစီဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၀ကို ပေးအပ်လှူဒါန်းသည်။ အလားတူ ဗျိုင်းအင်း၊ ရွှေသင်ဖြူးနှင့် ရှားတောအခြေခံပညာမူလတန်းကျောင်းများ၌လည်း ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ယနေ့ပြုပြင်ဆောက်လုပ်ပြီးစီးခဲ့သော လက်ပံတောအခြေခံပညာမူလတန်းကျောင်းဆောင်သည် (၁၀၈ ပေ × ပေ ၃၀ × ၁၂ပေ)၊ ဗျိုင်းအင်းအခြေခံပညာ မူလတန်းကျောင်းဆောင်သည် (၄၃ ပေ ×၂၇ပေ× ၁၂ ပေ)၊ ရွှေသင်ဖြူးအခြေခံပညာမူလတန်းကျောင်းဆောင်သည်(၁၆၃ ပေ × ၄၅ပေ× ၁၂ ပေ)၊ ရှားတောအခြေခံပညာ မူလတန်းကျောင်းဆောင်သည်(၇၇ ပေ× ၂၉ပေ × ၁၂ ပေ) အုတ်ကာသွပ်မိုး တစ်ထပ် အဆောက်အအုံများဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် နိုဝင်ဘာ ၂၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က နိုဝင်ဘာ ၂၈ ရက် ည ၇ နာရီတွင် ပေကျင်းမြို့ရှိ Xi Dan ဧည့်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် Xi Dan ဧည့်ဆောင်သို့ရောက်ရှိကြရာ General Chen Bingde က ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ ရန်ကုန်တိုင်းဒေသကြီးစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်စစ်ဦးစီးချုပ် General Chen Bingde နှင့်အတူ ဒုတိယစစ်ဦးစီးချုပ် General Ma Xiaotian၊ ရေတပ်ဒုတိယနိုင်ငံရေးမှူး Lt. Gen. Wang Zhaohai၊ လေတပ်ဦးစီးမှူး Maj. Gen. Yang Guohai၊ စစ်ဦးစီးဌာနဌာနမှူး Maj. Gen. Bai Jiangjun၊ စစ်ထောက်လှမ်းရေးဌာနဌာနမှူး Maj. Gen. Chen Youyi၊ စစ်ဦးစီးနှင့် လေ့ကျင့်ရေးလက်ရုံးတပ်ဖွဲ့ဌာနမှူး Maj. Gen. Chen Zhaohai၊ ကာကွယ်ရေးဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် Maj. Gen. Qian Lihua နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col. Xiong Shao Wei တို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်စစ်ဦးစီးချုပ် General Chen Bingde နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်တို့က မိန့်ခွန်းပြောကြားကြပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ ရေတပ် တေးဂီတအဖွဲ့၊ ပေကျင်းဂီတအဖွဲ့၊ ကွမ်ကျိုးကျွမ်းဘားအဖွဲ့တို့က ဖျော်ဖြေတင်ဆက်ကြသည်။

ညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများပေးအပ်ပြီး ဖျော်ဖြေရေးအဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ပေကျင်းမြို့ရှိ Xi Dan ဧည့်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

ထို့နောက် နှစ်နိုင်ငံတပ်မတော်ခေါင်းဆောင်များသည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အခမ်းအနားကိုရုပ်သိမ်းကာ ခေတ္တတည်းခိုမည့် Kuntai Royal Hotel ၌ ညအိပ်ရပ်နားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သမိုင်းပြတိုက်နှင့် BIPSOT တို့ကို ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၉

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့၌ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စစ်သမိုင်းပြတိုက်သို့ ရောက်ရှိရာ ပြတိုက်ရှင်းလင်းဆောင်ခန်းမ၌ ပြတိုက်အုပ်ချုပ်ရေးအရာရှိ Lieutenant Colonel FORHAD က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဖြစ်ပေါ်တည်ရှိလာပုံသမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။**





**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့အား ဘင်္ဂလားဒေ့ရှ် ငြိမ်းချမ်းမှုထိန်းသိမ်းရေးအထောက်အကူပြုသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ သင်တန်းကျောင်း၏ အုပ်ချုပ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ အရာရှိကြီးတစ်ဦးက ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့သည် ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး ပြတိုက်ရှေ့ရှိ Bijoy Katon ရုပ်တုရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ် တပ်မတော်(လေ)မှ ရဟတ်ယာဉ်များဖြင့် စစ်တကောင်းနယ်မြေရှိ ဘင်္ဂလားဒေ့ရှ် ငြိမ်းချမ်းမှုထိန်းသိမ်းရေး အထောက်အကူပြုသင်တန်းကျောင်း [(Bangladesh Institute of Peace Support Operation Training) (BIPSOT)] သို့ ရောက်ရှိရာ သင်တန်းကျောင်း ခေတ္တကျောင်းအုပ်ကြီး Colonel MUHAMMAD ASHRAFUL QUADER, afwc, psc က ကြိုဆိုနှုတ်ဆက်ပြီး အစည်းအဝေးခန်းမ၌ သင်တန်းကျောင်း၏ အုပ်ချုပ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ အရာရှိကြီးတစ်ဦးက BIPSOT စတင်တည်ထောင်ခဲ့သည့် နောက်ခံသမိုင်းကြောင်းနှင့် လက်ရှိသင်တန်း ဖွင့်လှစ်ပို့ချနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သင်တန်းတက်ရောက်သင်ကြားခွင့်၊ သင်တန်းသားတစ်ဦးစီ၏ လိုအပ်သော အရည်အချင်း၊ သင်တန်းကာလ အပိုင်းအခြားများ၊ သင်တန်းအမျိုးအစားများနှင့် နိုင်ငံအလိုက် သင်တန်းတက်ရောက်နေမှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ BIPSOT ခေတ္တကျောင်းအုပ်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားကာ စာသင်ခန်းများ၊ လက်တွေ့လေ့ကျင့်မှု ပြုလုပ်သည့် သင်တန်းခန်းများကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ခေတ္တတည်းခိုသည့် Hotel Radisson သို့ ပြန်လည်ရောက်ရှိကြပြီး ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဒါကာမြို့မှ တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

## ကျောက်ပန်းတောင်းမြို့ အထက(၂) အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၉**

ကျောက်ပန်းတောင်းမြို့ (ယခင်စံပြကျောင်းဟောင်း) အထက(၂) ကျောင်းသား၊ ကျောင်းသူများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ၊ (၁၃)ကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ၊ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ၊ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးနှင့် ဘာသာစုံဂုဏ်ထူးရှင်လေးဦးတို့အား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားများကို ဒီဇင်ဘာလ ၂၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းလိုသူများသည် ကိုဌေးလွင် ဖုန်း-၀၉-၅၁၅၅၆၁၃၊ မသန်းသန်းဝင်းနှင့် ညီမများ ဖုန်း-၀၁-၂၄၈၀၂၀၊ မအေးမြင့်သန်း(အထက-၂) ဖုန်း-၀၆၁-၅၀၅၈၆၊ ကိုဝင်းမော်(မန္တလေး) ဖုန်း-၀၉-၂၀၂၆၅၄၅၊ ဗိုလ်ကြီးမြသောင်း (နေပြည်တော်) ဖုန်း-၀၉-၅၁၉၁၀၈၇ နှင့် ကိုဆန်းထူး(နတ်မောက်) ဖုန်း-၀၆၃-၆၉၁၀၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။

**ညအပူချိန်များမှာ** တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ လျော့နည်းနေမည်။

## မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်ညီလာခံ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

(၃၂)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်ညီလာခံနှင့် (၁၃)ကြိမ်မြောက် FDI-MDA Joint Educational Meeting ကို ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Sedona Hotel ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ညီလာခံတွင် ပြည်တွင်းပြည်ပ သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ သွားဘက်ဆိုင်ရာ ဆေးပစ္စည်း ကိရိယာပြခန်းများ၊ သွားကျန်းမာရေးသုံး ပစ္စည်းပြခန်းများနှင့် ဆေးပြခန်းများ ပါဝင်ပြသကြမည်ဖြစ်ရာ ပြသလိုသူများသည် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ အသင်းအထွေထွေ အတွင်းရေးမှူး ဖုန်း-၀၉-၅၀၀၆၈၉၃ ထံသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

ညီလာခံနှင့်အတူ အသင်းဝင်အသက် (၆၅)နှစ်အထက် သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများ ပူဇော်ကန်တော့ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

( သတင်းစဉ်)

## ဆောင်းရာသီ တောင်တက်အဖွဲ့ဝင်များ စာရာမေတီတောင် တက်ရောက်ရန်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်အမှုဆောင်၊ တက္ကသိုလ်များ ခြေလျင်တောင်တက်အသင်းနာယက၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ပါမောက္ခ သမားတော်ကြီး ဒေါက်တာခင်မေအုန်းနှင့် တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဌ တွဲဖက်ပါမောက္ခ ဦးမျိုးသန့်တို့ ဦးဆောင်၍ အဖွဲ့ဝင် ၂၅ ဦးပါဝင်သော ဆောင်းရာသီ လက်ရွေးစင်တောင်တက်အဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် လေရှီးမြို့နယ်ရှိ စာရာမေတီတောင်ထိပ် (၁၂၅၅၃ ပေ) သို့ တက်ရောက်ရန် နိုဝင်ဘာ ၂၈ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ ခရီးစတင်ထွက်ခွာသွားကြသည်။ တောင်တက်အဖွဲ့သည် ရောက်ရှိရာဒေသရှိ နာဂတိုင်းရင်းသားကျေးရွာများ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဟု သိရသည်။ (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ Poly ကုမ္ပဏီနှင့် Alit ကုမ္ပဏီတို့အား လေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Sr. Col. Xiong Shao Wei တို့ လိုက်ပါလျက် ယမန်နေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ပေကျင်းမြို့ရှိ Poly ကုမ္ပဏီသို့ ရောက်ရှိကြရာ Poly ကုမ္ပဏီဥက္ကဋ္ဌ Mr. Zhang Lian Sheng နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ဧည့်ခန်းမ၌ Poly ကုမ္ပဏီဥက္ကဋ္ဌ Mr. Zhang Lian Sheng က ကုမ္ပဏီ၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များ မေးမြန်း၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ Poly ကုမ္ပဏီဥက္ကဋ္ဌ၏ နေ့လယ်စာဧည့်ခံပွဲသို့ တက်ရောက်ကြသည်။



### ကြိုဆို

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် Alit ကုမ္ပဏီသို့ ရောက်ရှိကြရာ Alit ဥက္ကဋ္ဌ Mr. Guo Zhaoping နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ဧည့်ခန်းမတွင် Alit ကုမ္ပဏီဥက္ကဋ္ဌက ကုမ္ပဏီနှင့် ပတ်သက်သည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကို မေးမြန်း၍ Alit ပြခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရှင်းလင်းတင်ပြ**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အဖွဲ့အား Alit ကုမ္ပဏီဥက္ကဋ္ဌ Mr. Guo Zhaoping က ကုမ္ပဏီနှင့်ပတ်သက်သည့် ကိစ္စရပ်များအား ရှင်းလင်းတင်ပြစဉ်။**

(သတင်းစဉ်)





# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့တွင်း ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ ကျောက်တွင်းကုန်းလမ်းဆုံ ရန်ကုန်-မန္တလေး လမ်းဘေးဝဲယာ၌ ရွှေသံလွင်ကုမ္ပဏီက ကတ္တရာလမ်း တိုးချဲ့ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကတ္တရာလမ်းများ တိုးချဲ့ခင်းပြီးသည်ဖြစ်၍ ယာဉ်များ သွားလာရာတွင် သတ်မှတ်ချက် စည်းကမ်းချက်များနှင့်အညီ မောင်းနှင်သွားလာရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်သွားကြရန်၊ တန်ပိုယာဉ်များ မမောင်းနှင်ရေး အထူးဂရုပြု ကြပ်မတ်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ပညာပေးဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့ ကျောက်တွင်းကုန်းလမ်းဆုံ ရန်ကုန်-မန္တလေး လမ်းဘေးဝဲ၊ ယာ၌ ကတ္တရာလမ်းတိုးချဲ့ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား နယူးယောက်မြို့ UNDP ရုံးမှ ဒုတိယလက်ထောက်အုပ်ချုပ်ရေးမှူး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်အား နယူးယောက်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP ရုံးမှ ဒုတိယလက်ထောက်အုပ်ချုပ်ရေးမှူးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒ အဖွဲ့အစည်း၏ ဒုတိယညွှန်ကြားရေးမှူး မစ္စတာ ဒေါက်ကလက်စ်ဂါတ်နာသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနရုံး၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသော လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကနဦးပြုမှု၏ အဆင့် (၄) အောင်မြင်ရေးအတွက် အစီအစဉ်သစ်တစ်ရပ် ပုံဖော်ခြင်းတွင် အစီအစဉ်ဆိုင်ရာ အဆုံးသတ်အချက်အလက်များအား အကူအညီပေးရန် ကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

(သတင်းစဉ်)





# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား သီရိလင်္ကာသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Piyasiri နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သီရိလင်္ကာနိုင်ငံဘဏ်များက မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးခွဲ ဖွင့်လှစ်ရန် ကိစ္စရပ်များ၊ နှစ်နိုင်ငံငွေရေးကြေးရေးကဏ္ဍနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။**(ဝဲပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စစ်တောင်းမြစ်ကြောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ရေတာရှည် နိုဝင်ဘာ ၂၉**

ယခုနှစ် မိုးရာသီကာလအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက် ရေကြီး ရေနစ်မြုပ်မှုများ အချိန်ကြာမြင့်စွာ ဖြစ်ပေါ်ခဲ့ပြီး ဒေသအတွင်းရှိ စိုက်ပျိုးရေး လုပ်ငန်းများ ပျက်စီးဆုံးရှုံးမှု အများအပြားရှိခဲ့သည်။

စစ်တောင်းမြစ်ရေနှင့် ဆက်စပ်လျက်ရှိသော ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်၊ ကျောက်ကြီးမြို့နယ်၊ ညောင်လေးပင်မြို့နယ်၊ ရွှေကျင်မြို့နယ်များတွင် နှစ်စဉ် စစ်တောင်းမြစ် ရေကြီးခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဆည်မြောင်းဦးစီးဌာနနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။ စစ်တောင်းမြစ်သည် သဘာဝ (Wild River) ဖြစ်ခြင်းကြောင့် အနည်ပို့ချမှုများသဖြင့် မြစ်ကြမ်းပြင်တွင် မြင့်တက်ခြင်း၊ မြစ်ကွေ့နေရာ (၂၃) နေရာရှိသဖြင့် ရေစီးရေလာစီးဆင်းမှု နှေးကွေးခြင်းတို့ကြောင့် ဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် စစ်တောင်းမြစ်ကြောင်းတစ်လျှောက်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ကွေ့နေရာ ၂၃ ခု (၅၁ ဒသမ ၃၆၆) ကီလိုမီတာအား မြစ်ကြောင်းဖြောင့်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယနေ့ည ၈ နာရီ ၀၈ မိနစ် ၂၄ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၁၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ချင်းပြည်နယ်၊ မင်းတပ်မြို့၏ အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အပ်ငွေအာမခံနှင့်ပတ်သက်၍ သူငယ်ချင်းသို့ပြန်ကြားချက်

**ဒေါက်တာ မောင်မောင်သိမ်း**

တယ်လီဖုန်းမြည်လာသည်။ မတွေ့ရတာကြာပြီဖြစ်သော သူငယ်ချင်းတစ်ဦး။ ပဋိသန္ဓာရစကားများပြောအပြီး "မင်းတို့လုပ်တဲ့ အပ်ငွေအာမခံကို ကြိုက်တဲ့သူတွေ ရှိပေမယ့် ငါတော့ မကြိုက်ချင်ဘူးကွ" ဟု ပြောသည်။ ကြိုက်သူရှိသည်ကို သိပြီးသား။ "သေသေချာချာ မသိလို့ မကြိုက်တာဖြစ်ပါလိမ့်မယ်၊ တကယ်တော့ မြန်မာတစ်ယောက်အနေနဲ့ဆို ဂုဏ်ယူစရာပါ။ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ (၁၀၇) နိုင်ငံမြောက် အပ်ငွေအာမခံကျင့်သုံးတဲ့ နိုင်ငံဖြစ်လာတာဟာ ဂုဏ်ယူစရာ မဟုတ်ဘူးလား"ဟု ပြောမိသည်။ "အေး. . . ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမယ့် ပရီမီယံများ နည်းနည်းများသလား။ အာမခံအကာအကွယ်ပေးတဲ့ အပ်ငွေပမာဏပဲ နည်းနေသလား။ ဘဏ်တွေကပဲ စိတ်မချရလို့လား။ နိုင်ငံတကာကျင့်သုံးပုံနဲ့များ လွဲနေသလားလို့ ငါဝေဖန်ချင်တယ်ကွ"။ သက်ပြင်းချမိသည်။ ရှည်လျားလေးလံသော သက်ပြင်း။ ဤလိုလူမျိုးလည်း ရှိတတ်သည်ပဲလေ။ "အဆိုးအကောင်းဆိုတာ အကျိုးအကြောင်းသိမှ ဝေဖန်လို့ကောင်းတာကွ" ဟု နှုတ်မှ ပြန်ပြောမိသည်။ "ငါလည်းဂျာနယ်အတော်များများကို ရှင်းပြပြီးပါပြီကွ" ဟုလည်း ဆက်ပြောမိသည်။

အပ်ငွေအာမခံ (Deposit Insurance) ဆိုသည်မှာ ဘဏ်တစ်ဘဏ် လူမွဲအဖြစ်ခံယူသည့်အခါတွင် ပြည်သူတို့ အပ်ထားသော စာရင်းရှင်၊ စာရင်းသေ၊ ငွေစုအပ်ငွေများ မဆုံးရှုံးစေရန် ယင်းအပ်ငွေများထဲမှ ပမာဏတစ်ရပ်ကို အာမခံကုမ္ပဏီကလျော်ပေးသော အာမခံမျိုးဖြစ်ပါသည်။ အပ်ငွေအာမခံဟူ၍ ပေါ်ပေါက်လာသည်မှာ အမေရိကန်ပြည်တွင်းစစ်ပွဲကာလက ဖြစ်သည်။ အမေရိကန် ပြည်တွင်းစစ်သည် ၁၈၆၁ တွင် ဖြစ်ပွားခဲ့သဖြင့် အပ်ငွေအာမခံ ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်း ၁၅၀ ရှိပြီ။ နိုင်ငံအနေဖြင့် အပ်ငွေအာမခံကို ပထမဆုံးလုပ်သောနိုင်ငံမှာ ချက်ကိုစလိုဗက်ကီးယားနိုင်ငံဖြစ်၍ ၁၉၂၀တွင် စတင်လုပ်ဆောင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ပြည်ထောင်စုအပ်ငွေ အာမခံကော်ပိုရေးရှင်း (Federal Deposit Insurance Corporation) ကို ၁၉၃၄တွင် တည်ထောင်၍ နိုင်ငံအနေဖြင့် အပ်ငွေအာမခံကို လုပ်ကိုင်ခဲ့သည်။ အမေရိကန်လို နိုင်ငံမျိုးတွင် အပ်ငွေအာမခံရှိသကဲ့သို့ မွန်ဂိုလီးယားလို နိုင်ငံမျိုးတွင်လည်း ရှိနေသည်။ အိမ်နီးချင်းနိုင်ငံအားလုံးတွင် ရှိနေသည်။ ပေါ်ထွန်းစဈေးကွက်များ (Emerging Markets) ဟု တင်စား ခေါ်ဝေါ်သော BRIC (Brazil, Russia, India, China) နိုင်ငံများတွင်လည်း အပ်ငွေအာမခံရှိနေသည်။ ယနေ့ကမ္ဘာတွင် အပ်ငွေအာမခံရှိသော နိုင်ငံအရေအတွက်မှာ မြန်မာနိုင်ငံအပါအဝင် (၁၀၇) နိုင်ငံဖြစ်၍ လောလောဆယ်တွင် မြန်မာနိုင်ငံသည် အပ်ငွေအာမခံကို ကျင့်သုံးသည့် နောက်ဆုံးနိုင်ငံအဖြစ် ရပ်တည်နေသည်။ အခြားနိုင်ငံများသည်လည်း နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပြု တိုက်တွန်းမှုများကြောင့် အပ်ငွေအာမခံကို ကျင့်သုံးရန် ကြိုးပမ်းနေသဖြင့် မြန်မာနိုင်ငံသည် မကြာမီ ရာထူးတက်သွားဖွယ်ရှိနေသည်။

အပ်ငွေအာမခံသည် ဘဏ်တွင်ရှိသမျှသော အပ်ငွေအားလုံးကို အကာအကွယ် မပေးပါ။ အခြေခံလူတန်းစားတို့ အပ်နှံထားသော အပ်ငွေအသေးစား (small deposit) များကိုသာ အကာအကွယ်ပေးခြင်းဖြစ်ပါသည်။ ဤသည်မှာလည်း ရည်ရွယ်ချက် နှစ်ရပ်ရှိပါသည်။ ပထမ ရည်ရွယ်ချက်မှာ အခြေခံလူတန်းစားတို့ အပ်ထားသမျှရှိစုမဲ့စု ငွေလေးဆုံးရှုံးပြီး အခြေပျက်မသွားစေရန် ဖြစ်ပါသည်။ (ချမ်းသာသူများအနေဖြင့်မူ အပ်ငွေဆုံးရှုံးသည့်တိုင်အောင် အခြားအရံအတားခြေစောင့်လက်စောင့်များကြောင့် အခြေပျက်ရန် ခက်ခဲမည်ဖြစ်ပါသည်။) ဒုတိယရည်ရွယ်ချက်မှာ Moral Hazard ဟူသည့် ကိုယ်ကျင့်ပိုင်းချို့ယွင်းမှုအန္တရာယ်ကို ကာကွယ်ရန် ဖြစ်ပါသည်။ အပ်ငွေအားလုံးကို တာဝန်ယူထားလျှင် ဘဏ်များသည် ဘာပဲဖြစ်ဖြစ် အာမခံကလျော်မှာပဲ ဟူသောအတွေးဖြင့် ပေါ့ပေါ့ဆဆလုပ်ကြမည်ကို ကာကွယ်လို၍ ဖြစ်ပါသည်။ အမေရိကန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ တစ်သိန်း၊ နော်ဝေနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၂၆၀၈၀၀အထိ အပ်ငွေကိုသာ အကာအကွယ်ပေးပါသည်။ ဘဏ်ပြိုလဲ၍ အာမခံ ကုမ္ပဏီက လျော်သည့်အခါတွင်လည်း အာမခံထားသော အပ်ငွေ၏ အတိုင်းအတာတစ်ခု (ဥပမာ-၁၀%၊ ၂၀%)အထိသာ လျော်ပြီး ကျန်ငွေကို ဆိုင်ရာဘဏ်က လျော်ရပါမည်။ ဤသည်မှာလည်း Moral Hazard ကိုကာကွယ်ရန်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အပ်ငွေအာမခံကို ဒီမိုကရေစီနိုင်ငံတော်သစ်တွင်မှ ကျင့်သုံးခြင်းဖြစ်ပါသည်။ (ယခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်ခဲ့ပါသည်။) မြန်မာနိုင်ငံတော်သစ်၏ အပ်ငွေအာမခံအတွက် ပုံစံ(Model) တည်ဆောက်ရာတွင် အာဆီယံနိုင်ငံများသာမက အမေရိကန်၊ နော်ဝေ၊ ဂျပန်၊ တရုတ်၊ အိန္ဒိယနိုင်ငံတို့၏ အပ်ငွေအာမခံစနစ်များကိုပါလေ့လာ၍ ပုံထုတ်ခဲ့ခြင်းဖြစ်ပါသည်။ အာမခံ အကာအကွယ်ပေးမည့် အပ်ငွေပမာဏကို တွက်ချက်နိုင်ရန်အတွက် ဗဟိုဘဏ်မှ ကောက်ယူပေးခဲ့သည့် ပုဂ္ဂလိကဘဏ်များ၏ အပ်ငွေစာရင်းများကို နှိုင်းယှဉ်ဇယားဆွဲပြီး လေ့လာပါသည်။ ကျပ်တစ်သိန်းနှင့် ငါးသိန်းကြားသည် အပ်ငွေအရေအတွက် အများဆုံး Grid ဖြစ်ကြောင်း တွေ့ရပါသည်။ သို့အတွက် ယင်း Gridကို အာမခံအကာအကွယ်ပေးမည့် ပမာဏအဖြစ်သတ်မှတ်ပါသည်။ ကောက်ခံမည့် ပရီမီယံပမာဏကို သတ်မှတ်ရန်အတွက် ဖော်မြူလာများရှိပါသည်။

$$P_m = f\ (r_s,\ r_{1m},\ ED_m)$$

$$r_{1m} = a(r_s) + b(r_L) + /c\ (r_p)$$

သို့သော်လည်း ယင်းတို့ကိုသုံးမည်ဆိုလျှင် Systemic Risk Factor, Specific Risk Factor, Solvency Indicator, Liquidity indicator, Performance indicator အစရှိသည့် မသိကိန်းများ အများအပြားပါဝင်နေသဖြင့် ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ပါမည်။ သို့အတွက် အိမ်နီးချင်းနိုင်ငံများမှ သတ်မှတ်ထားသော ပရီမီယံနှုန်းများကို အခြေခံ၍ တွက်ချက်ပါသည်။ recovery time ပေါ်မူတည်၍ တွက်ပါသည်။ ယခုသတ်မှတ်ထားသော အပ်ငွေကျပ် ၁၀၀ အတွက် ၂၅ ပြားနှုန်းထားမှာ ထိုင်းနိုင်ငံထက် ၀ ဒသမ ၁၅ ရာခိုင်နှုန်း လျော့နည်းပြီး မလေးရှားနိုင်ငံထက်မူ ၀ ဒသမ ၀၁ ရာခိုင်နှုန်း မြင့်ပါသည်။ ပရီမီယံနှင့်အကျိုးခံစားခွင့်မှာ မျှခြေ (equilibrium) ထက် အဆ ၄၀၀ကျော်ပါသည်။ (အဆ ၄၀၀ ကျော် အကျိုးခံစားခွင့်ရရှိသည့်သဘော ဖြစ်ပါသည်။)

ဘဏ်ပြိုလဲသည့်အခါတွင် နိုင်ငံတကာ၌ အာမခံထားရှိသော အပ်ငွေ၏ ၂၀ ရာခိုင်နှုန်းကိုသာ အာမခံကုမ္ပဏီမှ ပေးလျော်ပါသည်။ မြန်မာနိုင်ငံတွင်မူ အပ်ငွေ ပမာဏ၏ ၆၀ ရာခိုင်နှုန်းအထိ လျော်မည်ဖြစ်ရာ နိုင်ငံတကာကျင့်သုံးမှုထက် ၄၀ ရာခိုင်နှုန်းပိုပါသည်။ အပ်ငွေ အာမခံအတွက် ပရီမီယံကို အပ်ငွေထားသူက ပေးရန်မလိုဘဲ အပ်ငွေလက်ခံထားသည့် ဘဏ်များကသာ ပေးရမည်ဖြစ်ရာ အပ်ငွေအပ်နှံသူများအတွက် တစ်ပြားမျှမကုန်ဘဲ အာမခံအကာအကွယ်ရမည် ဖြစ်ရာ လွန်စွာအဆင်ပြေပါသည်။

အပ်ငွေအာမခံပြုလုပ်ရခြင်းမှာ ဘဏ်များပြိုလဲမည်စိုး၍ မဟုတ်ပါ။ ပြည်ထောင်စု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ နိုင်ငံတော်ဗဟိုဘဏ်မှ ကြီးကြပ်ကွပ်ကဲမှုများကြောင့် ဘဏ်များ ပြိုလဲရန် အလားအလာလည်းမရှိပါ။ မြန်မာနိုင်ငံတွင် ယခုထိ မည်သည့်ဘဏ်မျှလည်း ဒေဝါလီ မခံခဲ့ရဖူးပါ။ ဘဏ်များ၏ ပုံရိပ် (image) ကို နိုင်ငံတကာအဆင့်အတန်းနှင့်အညီ တိုးမြှင့်ပေးခြင်းသာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဘဏ်လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပါသည်။ အပ်ငွေအာမခံသည် ဘဏ်များနှင့် အခြေခံလူတန်းစားများအတွက် လုံခြုံရေးကွန်ရက် (safety net) ပင် ဖြစ်ပါသည်။ သို့အတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund) နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများကိုယ်တိုင်က နိုင်ငံများတွင် အပ်ငွေအာမခံ ထူထောင်ရန် တွန်းအားပေးနေခြင်းပင်ဖြစ်ပါသည်။ အာမခံလုပ်ငန်းတစ်ရပ်ကို ငါးနှစ်တစ်ကြိမ် သုံးသပ်ရသည်ဖြစ်ရာ ထိုသို့သုံးသပ်ပြီးသည့်အခါတွင်မူ အကာအကွယ်ပေးသော အပ်ငွေပမာဏ၊ ပရီမီယံ၊ လျော်ကြေးပေးသော ရာနှုန်းတို့ ပြောင်းလဲကောင်း ပြောင်းလဲလိမ့်မည်ဖြစ်ပါသည်။

သူငယ်ချင်း ကျေနပ်လိမ့်မည်ထင်ပါသည်။ ။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ပုသိမ်-ငပုတောကားလမ်း ကျောက်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ပေပင်မြစ်ကူးတံတားနှင့် သက္ကယ်ချောင်းတံတား တည်ဆောက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၉

**ပေပင်မြစ်ကူးတံတားသည် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သော လမ်းအမှတ် (၁၁) ပုသိမ်-ငပုတော ကားလမ်းပေါ်၌ တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်ကို Steel Plate Girder ဖြင့် တည်ဆောက်ထားကာ တံတားအရှည် ပေ ၇၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသည်။ ရေလမ်းကင်းလွတ် အကျယ် ၉၈ ပေ၊ အမြင့် ၁၇ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် နိုဝင်ဘာ ၂၈ ရက်တွင် အဆိုပါ ပေပင်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ရေလယ်တိုင် ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ချဉ်းကပ်ကားလမ်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပုသိမ်-ငပုတော ကားလမ်း ကျောက်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ငပုတောမြို့သို့ ရောက်ရှိကာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ယင်းနောက် ပုသိမ်-ငပုတော ကားလမ်း မိုင်တိုင်အမှတ် (၁၇/၃)နှင့် (၁၇/၄)ကြား ကျောက်ခင်းနေမှု၊ လမ်းသားသိပ်သည်းမှုရရှိအောင် လမ်းကြိတ်စက်ဖြင့် ဆောင်ရွက်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၅/၂)နှင့် (၁၅/၃)ကြား ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော သက္ကယ်ချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

သက္ကယ်ချောင်းတံတားသည် ပုသိမ်-ငပုတောကားလမ်း မိုင်တိုင် အမှတ် (၁၂/၀)တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတားအရှည် ပေ ၁၈၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီနှင့် ရေလမ်းကင်းလွတ် အကျယ် ပေ ၁၆၀၊ အမြင့် ပေ ၄၀ ရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုသိမ်-ငပုတောကားလမ်း မိုင်တိုင်အမှတ် (၅/၃)နှင့် (၅/၄)ကြား၌ ခြောက်လက်မဒု အခြေခံလွှာ ကျောက်ခင်းရန်အတွက် နည်းစနစ်မှန်ကန်စွာခင်းနိုင်ရေး လက်တွေ့ပြသ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပုသိမ်- ငပုတော ကားလမ်းသည် အရှည် ၂၁ မိုင်ရှိပြီး ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ငပုတောမြို့နယ်များသို့ ဆက်သွယ်ထားသော ကားလမ်းဖြစ်သည်။ အခြေခံလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ၁၆ မိုင်တွင် ၁၀ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီး ၅ မိုင် ၄ ဖာလုံကျန်ရှိကာ ကတ္တရာခင်းခြင်းလုပ်ငန်း ၂၁မိုင်တွင် ၂ မိုင် ၁ ဖာလုံဆောင်ရွက်ထားပြီးဖြစ်သည်။ အဆိုပါကားလမ်းပေါ်တွင် တည်ဆောက်ပြီးတံတား သုံးစင်း၊ တည်ဆောက်ဆဲတံတား နှစ်စင်း၊ တည်ဆောက်ရန်ကျန်တံတား တစ်စင်း စုစုပေါင်း တံတားခြောက်စင်း ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မှတ်ပုံတင်သက်တမ်း နှစ်(၃၀)ကျော် ယာဉ်အို၊ ယာဉ်ဟောင်းများအပ်နှံ၍ အစားထိုးယာဉ်တင်သွင်းခြင်း စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် "ည" အက္ခရာ မော်တော်ယာဉ်များ နိုဝင်ဘာ ၃၀ ရက်တွင် စတင်ဆောင်ရွက်ပေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၉**

မှတ်ပုံတင်သက်တမ်း နှစ်(၃၀)ကျော် ယာဉ်အို၊ ယာဉ်ဟောင်းများကိုအပ်နှံ၍ အစားထိုးယာဉ်တင်သွင်းခြင်းအား ဒုတိယအဆင့်အနေဖြင့် "ဈ" အက္ခရာကို နိုဝင်ဘာ ၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် "ည" အက္ခရာ မှတ်ပုံတင်မော်တော်ယာဉ်များကို နိုဝင်ဘာ ၃၀ ရက်မှစ၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)



နိုဝင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ်နေ ဦးသန်းမြင့်-ဒေါ်အေးမြင့် မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်) သို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင်နှင့် ဆွမ်းတစ်နေ့တာ အလှူငွေကျပ် ၂၃ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

# ရမည်းသင်းမြို့နယ် သမဝါယမအသင်း လုပ်ငန်းခွင် ရက်တိုသင်တန်းဖွင့်

**ရမည်းသင်း နိုဝင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမလုပ်ငန်းများ စွမ်းဆောင်ရည်မြင့်မားရေးလုပ်ငန်းခွင် ရက်တိုသင်တန်းကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက မြို့နယ် သမဝါယမအသင်းရုံးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး ဦးစိုင်းကျော်မင်း၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား ၅၇ ဦးတို့ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးဇော်လင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၄၁၆)

# ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက နှစ်စဉ် ဦးစီးကျင်းပလျက်ရှိသည့် အသက်(၇၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၅၅ ဦးအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တက္ကသိုလ်ရိပ်သာလမ်း တက္ကသိုလ်များ ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား စုပေါင်းကန်တော့နိုင်ရန်နှင့် မြန်မာစာမိသားစုဝင်များ ပျော်ရွှင်ကြည်နူးစွာ ပြန်လည်တွေ့ဆုံနိုင်ရန် မြန်မာစာမိသားစုဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။

ပူဇော်ပွဲအတွက် အသေးစိတ်စုံစမ်းလိုသူများနှင့် အလှူငွေ၊ အလှူပစ္စည်းပါဝင်လှူဒါန်းလိုသူများသည် မြန်မာစာပါမောက္ခ/ဌာနမှူး ဒေါက်တာခင်ဆန်းဦး ဖုန်း-၀၁-၅၀၄၀၁၀နှင့် ပါမောက္ခဒေါက်တာအောင်မြင့်ဦး ဖုန်း-၀၁- ၅၃၆၀၇၂ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

# အရှေ့တောင်အာရှ လေကြောင်းပျံသန်းမှု ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် လေကြောင်းလုံခြုံစိတ်ချမှု စဉ်ဆက်မပြတ်ရှိစေရေး အစည်းအဝေးဖွင့်ပွဲကျင်းပ

## အစည်းအဝေးကျင်းပ

**အရှေ့တောင်အာရှ လေကြောင်းပျံသန်းမှု ဘေးအန္တရာယ်ကင်းရှင်းစေရေး ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် လေကြောင်းလုံခြုံစိတ်ချမှု စဉ်ဆက်မပြတ်ရှိစေရေးအစီအစဉ်၏ (၁၃)ကြိမ်မြောက် ဦးဆောင်ကော်မတီ အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)



နေပြည်တော် နိုဝင်ဘာ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ပထမအကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသော အရှေ့တောင်အာရှ လေကြောင်းပျံသန်းမှုဘေးအန္တရာယ်ကင်းရှင်းစေရေး ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် လေကြောင်းလုံခြုံစိတ်ချမှု စဉ်ဆက်မပြတ်ရှိစေရေးအစီအစဉ် (COSCAP- SEA- Programme)၏ (၁၃)ကြိမ်မြောက် ဦးဆောင်ကော်မတီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။**

အဆိုပါအစည်းအဝေးသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်း အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ COSCAP-SEA အစီအစဉ် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်းဒါရုဆလမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်(တရုတ်)၊ အင်ဒိုနီးရှား၊ လာအို၊ မကာအို(တရုတ်)၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တီမောလက်စတေ၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် ပြည်တွင်းလေကြောင်းလိုင်းများမှ လေ့လာသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကား ပြောကြားရာ၌ လေကြောင်းပျံသန်းမှု ဘေးအန္တရာယ် ကင်းရှင်းစေရေးနှင့် လေကြောင်းလုံခြုံစိတ်ချမှု စဉ်ဆက်မပြတ်ရှိစေရေးတို့သည် ကမ္ဘာတစ်လွှား နိုင်ငံတကာ မြို့ပြလေကြောင်းပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဩဂုတ် ၇ ရက်တွင် ကမ္ဘာ့လေကြောင်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာခဲ့ပြီး မြို့ပြလေကြောင်းပို့ဆောင်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လေကြောင်းကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် လေကြောင်းပျံသန်းမှုဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာ ကတိကဝတ်တာဝန်ယူမှုများကို ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်သည့် ဤအစည်းအဝေးကျင်းပရခြင်းအတွက် ဝမ်းသာဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းတစ်လိုင်းနှင့် ပြည်တွင်းလေကြောင်းလိုင်းခြောက်လိုင်းတို့ဖြင့် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အစည်းအဝေးသို့ အမေရိကန်နိုင်ငံမှ Federal Aviation Administration၊ ဥရောပမှ European Aviation Safety Agency (EASA) နှင့် ပြင်သစ်နိုင်ငံမှ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း အဖွဲ့အစည်းများဖြစ်သည့် အမေရိကန်နိုင်ငံ ဘိုးရင်းလေယာဉ်ကုမ္ပဏီ၊ ပြင်သစ်နိုင်ငံ အဲယားဘတ်(စ်) လေယာဉ်ကုမ္ပဏီတို့မှ ကိုယ်စားလှယ်များပါ တက်ရောက်လာသဖြင့် မိမိတို့လေကြောင်းလိုင်းများအတွက်လည်း များစွာအထောက်အကူဖြစ်စေသည့်အတွက် လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အတွေ့အကြုံများ ပိုမိုရရှိမည်ဖြစ်ပါကြောင်း၊ လေကြောင်း ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အဆင့်(၃)ထိ တိုးမြှင့်၍ ဆက်လက်ဆောင်ရွက်ပြီး စောင့်ကြည့်လေ့လာကြမည်ဖြစ်သဖြင့် အစည်းအဝေးကျင်းပရခြင်း၏ အကျိုးရလဒ်များသည် မိမိတို့လေကြောင်းကဏ္ဍအတွက် အဖိုးမဖြတ်နိုင်ပါကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များနှင့်အတူ မှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**နိုဝင်ဘာ ၂၈ ရက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မြန်မာနိုင်ငံ သစ်တောကျောင်း (၁၀၇)ကြိမ်မြောက် ကျောင်းဆင်း အောင်လက်မှတ်ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

*(သတင်း-ဖော်ပြပြီး)*

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၃၀-၁၁-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၀ ၂။ သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈း၂၀ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ အကပြိုင်ပွဲ
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၃၅ ၄။ သီချင်းကြီးပဒေသာ
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ "လောကရဲ့ အလှရတနာ"
- ၅း၂၅ ၈။ တေးဂီတအစီအစဉ်
- ၅း၃၅ ၉။ မိမိဆန္ဒအလျောက် နှစ်သိမ့်ဆွေးနွေးခြင်းနှင့် HIV ပိုးရှိ / မရှိ စစ်ဆေးခြင်း
- ၅း၄၀ ၁၀။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅း၅၀ ၁၁။ "စွယ်တော်မြတ်ဖူးပါရမီထူးဖြင့် နိဗ္ဗာန်ကမ်းဆီလှမ်းကြမည်"
- ၆း၀၀ ၁၂။ ညနေခင်းသတင်း
- ၆း၁၅ ၁၃။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၄၅ ၁၅။ ရွှေရင်ခုန်သံ
- ၇း၀၀ ၁၆။ "ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ"
- ၇း၄၅ ၁၇။ ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း(အပိုင်း-၆)
- ၈း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၂၂။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး"(အပိုင်း-၁၁)**
- ၂၄။ မြန်မာဗီဒီယိုဇာတ်လမ်း "မောင့်အပြင် မောင့်အရင်ကလူ" (မြတ်သစ်၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ဒီအေးလွင်)
- ၂၅။ အစီအစဉ်ပြီး၏။

# ဆိပ်ဖြူမြို့၌ ကြက်သွန်စိုက်တောင်သူများသို့ ပံ့ပိုးထောက်ပံ့ငွေပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၉

**မကွေးတိုင်းဒေသကြီးအတွင်း အောက်တိုဘာလကုန်ပိုင်းအတွင်းက ဖြစ်ပေါ်ခဲ့သော ရေကြီးနစ်မြုပ်မှုနှင့် ဆုံးရှုံးမှုများကြောင့် ကြက်သွန်နီ ပြန်လည်စိုက်ပျိုးရန် အခက်အခဲဖြစ်ပေါ်နေသည့် ရေဘေးသင့်တောင်သူများအား မျိုး၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်ငွေများ ပံ့ပိုးပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်တွင် ပခုက္ကူခရိုင် ဆိပ်ဖြူမြို့၌ ကျင်းပသည်။**

အခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားရာတွင် ပခုက္ကူခရိုင်နှင့် စလင်း(ဆင်ဖြူကျွန်း)မြို့နယ်အတွင်းရှိ လယ်သမားများအနေဖြင့် ကြက်သွန်စိုက်ပျိုးမှုကို အားထားရသည့်အတွက် ကြက်သွန်အချိန်မီ စိုက်ပျိုးနိုင်ရေးသည် လယ်သမားများအတွက် အထူးအရေးကြီးပါကြောင်း၊ ရေဘေးသင့်တောင်သူများ ကြက်သွန်နီ အချိန်မီစိုက်ပျိုးနိုင်ရန် ကူညီပံ့ပိုးပေးနိုင်ရေးအတွက် ရန်ကုန်ကြက်သွန်နီကုန်သည်နှင့် ဒေသခံကုန်သည်များ အချင်းချင်း အပြန်အလှန်ချိတ်ဆက်ခြင်း၊ ဒေသခံကုန်သည်များက ကြက်သွန်စိုက်တောင်သူများနှင့် ထိတွေ့ချိတ်ဆက်၍ ကြက်သွန်နီများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်ခြင်းတို့သည် စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ လုပ်ငန်းစဉ်တစ်ရပ်လုံးတွင် ပါဝင်နေသူများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပြသနိုင်ခြင်းဖြစ်ပါကြောင်း၊ တောင်သူများအား အခြေခံဈေးနှုန်း သတ်မှတ်၍ ငွေများထုတ်ချေးပြီး ကြက်သွန်နီများ ထွက်ပေါ်လာချိန်တွင် အခြေခံဈေးနှုန်းထက် နိမ့်ကျနေပါက ယခုဈေးနှုန်းဖြင့်ပင် ဝယ်ယူမည်ဖြစ်ခြင်း၊ အခြေခံဈေးနှုန်းထက် မြင့်နေပါက ပေါက်ဈေးဖြင့်ပင် ဝယ်ယူမည်ဖြစ်ခြင်း၊ ကြက်သွန်နီမရောင်းပေးလိုပါက ထုတ်ပေးခဲ့သည့်ငွေကို အတိုးမဲ့ဖြင့် အရင်းအတိုင်း ပြန်လည် ပေးဆပ်နိုင်ခြင်း စသည့် အခွင့်အလမ်းများဖြင့် တောင်သူများကို စေတနာအပြည့်ထား၍ ပံ့ပိုးကူညီမှုဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိရာ အဓိက လယ်ယာထွက် ပို့ကုန်သီးနှံများ၊ သစ်အချောထည်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ CMP လုပ်ငန်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန်များ လျှော့ပေါ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များ၌ ကားအရောင်းစင်တာများ ဖွင့်လှစ်ခွင့်ပြုသွားမည် ဖြစ်ပါကြောင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်များ ထုတ်ပေးခြင်းကို ရန်ကုန်မြို့၌ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်က ရေဘေးသင့်တောင်သူများ၊ ပြည်သူများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်မှု အခြေအနေများကို လည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဦးခင်ဟန်က ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု၊ တင်ပို့ရောင်းချမှုများအပေါ် ဆောင်ရွက်ပေးနိုင်မည့်အစီအစဉ်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းက တောင်သူများ စိုက်ပျိုးထုတ်လုပ်မှု၊ ကုန်ကျစရိတ်အပေါ် သင့်တင့်မျှတသော အကျိုးအမြတ်ရရှိရေးအတွက် ကုန်စည်ဒိုင်များကဲ့သို့ ကြမ်းခင်းဈေးများ သတ်မှတ်ပြီး အရောင်းအဝယ်ပြုလုပ်နိုင်ရေး ကူညီပံ့ပိုးပေးရန် လိုအပ်ချက်များကိုလည်းကောင်း တင်ပြဆွေးနွေးကြသည်။

အခမ်းအနားတွင် ရန်ကုန်ကြက်သွန်နီကုန်သည်ကြီးများက ပခုက္ကူ၊ ပေါက်၊ ဆိပ်ဖြူနှင့် စလင်း(ဆင်ဖြူကျွန်း)မြို့နယ်များမှ ကျေးရွာ ၇၀ ရှိ ကြက်သွန်နီစိုက်တောင်သူများအား ပံ့ပိုးထုတ်ပေးနိုင်ရန်အတွက် အခြေခံဈေးနှုန်း ငွေကျပ် ၃၀၀ ဖြင့် ကြိုတင်အရောင်းအဝယ်စာချုပ် ဝယ်ယူသည့် ကြက်သွန်နီပိဿာ ၁၀၀၆၅၀၀ ၏ တန်ဖိုးငွေကျပ် ၃၀၁၉ ဒသမ ၅၀ သိန်းအား ပံ့ပိုးထုတ်ပေးခဲ့ကြောင်းနှင့် ရေဘေးသင့်ပြည်သူများအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးကလှူဒါန်းသည့် အမျိုးသားဝတ်တီရှပ်အင်္ကျီအထည် ၃၅၀၀ ကို ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က တိုင်းဒေသကြီးဝန်ကြီး ဦးအောင်နိုင်ထံ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်တောင်သူများအား မျိုး၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်ငွေများ ပံ့ပိုးပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)





# ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့၌ ဆက်လက်အပူဇော်ခံလျက်ရှိ

**ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ်ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ အပူဇော်ခံထားရှိရာ အဋ္ဌမမြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း ဖွင့်ချိန်မှ ပိတ်ချိန်အထိ ရဟန်းရှင်လူပြည်သူများ များပြားစွာ လာရောက်ဖူးမြော်ကြည်ညိုကြပြီး အသက်အရွယ်ကြီးသူများနှင့် မကျန်းမာသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ပေးသည့် လျှပ်စစ်မော်တော်ယာဉ်နှင့် ရွှေရန်ကုန်အမြန်ယာဉ်လိုင်းမှ ဟိုင်းလတ်ယာဉ်များဖြင့် ကျောက်မျက်ဂိတ် အမှတ်(၆)မှ လိုဏ်ဂူတော်အနီးထိ အခမဲ့ ပို့ဆောင်ပေးသည်။**

သဒ္ဓါကြည်ဖြူ ပေးလှူနိုင်ရေးအတွက် အလှူခံဌာနများ ဖွင့်လှစ်အလှူခံလျက်ရှိရာ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမ၌ ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များဖြစ်ကြသော လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမကြီး သီရိမွန်အိမ်ရာနေ ဦးနေအောင်-ဒေါ်မိုးမိုး၊ သား-ကိုကောင်း မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀၀၀ နှင့် ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့နေ ဦးဝင်းကြိုင်-ဒေါ်ခင်မာအေး မိသားစုက ငွေကျပ်ခုနစ်သိန်း၊ ရေးမြို့မှ ဆရာတော် ဘဒ္ဒန္တပုဖ္ဖရမ္မက ငွေကျပ်ခြောက်သိန်း၊ ဒေါ်ဆွေဆွေအောင်၊ ဒေါ်ဝေဝေအောင်၊ ဒေါ်နီနီအောင်၊ ဦးအောင်ဖြိုး၊ ဒေါ်ချိုချိုအောင်မိသားစုက ငွေကျပ်ငါးသိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး ဇနီး ဒေါ်ခင်မြဦး မိသားစုက ငွေကျပ် ၃၃၀၀၀၀၊ ဗိုလ်ချုပ်ထွန်းနေလင်း ဇနီး ဒေါ်ချိုချိုစန်း မိသားစုက ငွေကျပ် ၂၇၂၀၀၀၊ ဒေါ်နီနီအား ရည်စူး၍ ရဲမှူးချုပ်တင်ဝင်း(ငြိမ်း) မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ ဗိုလ်မှူးချုပ်ကိုကိုနိုင် ဇနီး ဒေါ်စုစုအောင်မြတ်သူ (တပ်မတော်ဆေးတက္ကသိုလ်)က ငွေကျပ်တစ်သိန်းအပါအဝင် အလှူရှင် ၁၈၂ ဦးတို့က လှူဒါန်းကြပြီး တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရွှေငွေကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ဦးဘစိုး-ဒေါ်ဒေါ်ဉတို့အား ရည်စူး၍ သုဓမ္မမဏိဇောတဓရ ဒေါက်တာလှဝင်းအောင်(လူမှုထူးချွန်ပထမဆင့်)က ငွေကျပ် ၄၇၅၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းလုံးချောတစ်ပွင့်ပါ ငွေလက်စွပ်ငါးကွင်း၊ မြိတ်ပုလဲတစ်ပွင့်စီပါ ရွှေလက်စွပ်ငါးကွင်း၊ မြိတ်ပုလဲတစ်ပွင့်စီပါ ရွှေဆွဲသီးသုံးခု၊ ပုလဲတစ်ပွင့်စီပါ ရွှေနားကပ်တစ်ရန်၊ မြိတ်ပုလဲ ၄၁ ပွင့်ပါ ပုတီးတစ်ကုံး၊ လှိုင်မြို့နယ် အေးရိပ်မွန်(၂)လမ်းနေ ဒေါက်တာမျိုးထက်အေး-ဒေါက်တာသပြေခိုင်ဇာ မိသားစုက ငွေကျပ် ၁၉၂၃၀၀၀ တန်ဖိုးရှိ အခေါက်ရွှေပြားတစ်ပြား၊ စိန်တစ်ပွင့်စီပါ ရွှေဖြူလက်စွပ်နှစ်ကွင်း၊ ပုလဲ ၄၈ ပွင့်၊ လှည်းကူးမြို့နယ် ရဲမွန်နေ ဦးကိုကိုသန်း-ဒေါ်စန္ဒာဝင်း၊ သမီး-ရွှေရည်ဦး၊ သား-မောင်အောင်ခန့်မြတ်မိသားစုက ငွေကျပ် ၁၈၂၀၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ ဦးမြတ်ကို-ဒေါ်ဇေရီခိုင် မိသားစုက ငွေကျပ် ၁၀၃၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်းလုံးချောတစ်ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ အခေါက်ရွှေဒင်္ဂါးတစ်ပြား၊ ကွယ်လွန်သူ ဦးဖိုးချစ်-ဒေါ်ကျန်တို့အား ရည်စူး၍ တောင်ငူမြို့ ဈေးလမ်းနေ သမီး-ဒေါ်မြဝေမိသားစုက ငွေကျပ် ၈၆၀၀၀၀ တန်ဖိုးရှိ ရွှေလက်ကောက်တစ်ကွင်း အပါအဝင် လှူဒါန်းပစ္စည်း ၆၃၈ မျိုးတို့ကို လာရောက်လှူဒါန်းကြသည်။

နိုဝင်ဘာ ၂၈ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၈၈၂၈၀၄၇၃၊ ရွှေငွေကျောက်မျက်ရတနာတန်ဖိုးငွေကျပ် ၇၆၆၈၆၆၀၀၊ အမေရိကန်ဒေါ်လာ ၁၃၉၃၈၊ ယူရို ၄၀၊ စင်ကာပူဒေါ်လာ ၂၅၇၊ FEC ၂၃၂ ယူနစ်၊ ဟောင်ကောင်ဒေါ်လာ ၄၀ နှင့် ထိုင်းဘတ် ၇၇၀၀ တို့ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



**သာကေတမြို့နယ် (၁၃)ရပ်ကွက် ဇေယျဝတီ(၂)လမ်း၌ မီးလောင်မှုဖြစ်ပွားရာ မီးငြိမ်းသတ်အပြီး မြင်ကွင်းအား တွေ့ရစဉ်။**
(ဓာတ်ပုံ-စိုးမင်း၊ သတင်းစဉ်)

# သာကေတမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၉**

လူနေရပ်ကွက်အတွင်း လောင်စာဆီများ သိုလှောင်ရာမှ မီးလောင်ကျွမ်းမှုတစ်ခု သာကေတမြို့နယ် (၁၃) ရပ်ကွက် ဇေယျဝတီ (၂)လမ်း၌ ယနေ့ညနေ ၅ နာရီခွဲ အချိန်ခန့်၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မီးစလောင်တဲ့အိမ်မှာ လောင်စာဆီရှိနေလို့ အဲဒီနေ့ ညနေက အိမ်ထဲကနေ မီးတောက်ကြီး 'ဝုန်း'ခနဲ ထွက်လာကတည်းက သွားပြီဆိုတာ သိလိုက်ပါတယ်။ အိမ်ထဲဝင်ပြီး အရေးကြီးပစ္စည်းတွေ ဝင်သယ်ဖို့တောင် အချိန်မရလိုက်ပါဘူး။ မီးက ကိုယ့်အိမ်ထဲကို ရောက်နေပြီ။ အခု တစ်မိသားစုလုံး အဝတ်တစ်ထည်၊ ကိုယ်တစ်ခုပဲ ရှိပါတော့တယ်"ဟု အဆိုပါလမ်း၌ နေထိုင်ပြီး အိမ်မီးထဲပါသွားသူတစ်ဦးက ပြောသည်။

မီးလောင်မှုဖြစ်စဉ်မှာ ယင်းလမ်းအတွင်းရှိ ဦးကိုကိုကြီး၏ အိမ်အမှတ် (၂၁၀၂) တွင် နေထိုင်သူ မောင်မြင့်အေး (ခ)လူငယ်ဆိုသူက ၎င်းအိမ်တွင် လောင်စာဆီများ သိုလှောင်ထားရာမှ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း လမ်းသူ၊ လမ်းသားများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပြောကြားချက်အရ သိရသည်။

မီးလောင်မှုကြောင့် အသက်(၃၁)နှစ်အရွယ်ရှိ မအေးအေးဖြူမှာ လက်၊ ခြေထောက်နှင့် ခန္ဓာကိုယ်တို့တွင် မီးလောင်ဒဏ်ရာများရရှိခဲ့ပြီး မီးလာရောက်ငြိမ်းသတ်ခဲ့သည့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်ဟု သိရသည်။

"ဒဏ်ရာရသူတွေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ဒေသခံအဖွဲ့အစည်းတွေ ပူးပေါင်းကာ ဆေးရုံပို့ပြီး ဆေးကုသပေးလျက်ရှိပါတယ်။ နေအိမ်မီးထဲပါတဲ့ မိသားစုတွေကိုတော့ ရပ်ကွက်ဓမ္မာရုံမှာ နေထိုင်စားသောက်ရေးကို စီစဉ်ပေးသွားမှာပါ။ မီးထဲပါသွားတဲ့ အိမ်ကိုးလုံးက မိသားစု ၂၃ စုကို စောင့်ရှောက်ဖို့အတွက် စီစဉ်နေပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးလောင်ရာသို့ သာကေတမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် ငါးစီးအပါအဝင် မီးသတ်ယာဉ် စုစုပေါင်း ၃၄ စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ အုပ်ချုပ်မှုယာဉ် ငါးစီးဖြင့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀၀ ခန့်က ငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးဘေးဒုက္ခသည်များအား (၁၀)ရပ်ကွက် သာသနဟိတကာရီဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၆၄၉)

# မြောက်ဥက္ကလာပလူသတ်မှုနှင့်ဆက်စပ်သူ ခုနစ်ဦးကို ဖမ်းဆီး ကျန်တိမ်းရှောင်နေသူများကို အပူတပြင်းစုံစမ်းလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

နိုဝင်ဘာ ၁၇ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် မြောက်ဥက္ကလာပမြို့နယ် (က) ရပ်ကွက် နွယ်သာကီ (၈)လမ်းနေ ကျော်မင်း (၃၂)နှစ်အား (၆)လမ်းထိပ်ရှိ (SIX STAR) အရက်ဆိုင်၌ အမည်မသိလူများက ဓားများဖြင့် ဝိုင်းခုတ်၍ သေဆုံးခဲ့မှုတွင် ဆက်စပ်ပါဝင်ခဲ့သည်ဆိုသူ ခုနစ်ဦးကို ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးလိုက်ကြောင်းသိရသည်။

ယင်းသို့ အသတ်ခံရမှုကို ဝေဘာဂီ ရဲစခန်းက (ပ)၅၂၂/၂၀၁၁ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်ပြီး ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားမှု၊ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးပြီး ဖော်ထုတ်ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

အမှုနှင့် အဖမ်းခံရသူများမှာ ကြည့်မြင်တိုင်မြို့နယ်နေ ယာဉ်မောင်းကျော်လွင် (၄၅)နှစ်၊ မြောက်ဥက္ကလာပမြို့နယ်နေ သက်ဦး (၄၄)နှစ် ဇနီး မသီတာ(ခ) မခင်နှင်းသီတာ (၄၃)နှစ်နှင့် သား သက်ဇော်ထွန်း (၁၉)နှစ်တို့ဖြစ်ပြီး ၎င်းတို့ကို အရှေ့ပိုင်း ခရိုင်ရဲတပ်ဖွဲ့ အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှူး မျိုးအောင်မြင့်နှင့် အဖွဲ့က နိုဝင်ဘာ ၂၅ ရက်တွင် ဖမ်းဆီးခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မှုခင်းအကူဌာနစုက သဃ်န်းကျွန်းမြို့နယ်နေ ထွန်းထွန်းဝင်း(ခ) ရဲအောင်(ခ) ကျွဲကြီး(ခ)ခတ္တာ (၃၈)နှစ်ကို နိုဝင်ဘာ ၂၅ ရက်တွင်လည်းကောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေ ဇင်မင်းထက်(ခ) ဒီမိုး(၂၃)နှစ်ကို ဒုစရိုက်နှိမ်နင်းရေးဌာနစုက လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်နေ ညီညီဦး(ခ) ညီဦး(၃၇)နှစ်ကို အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ အထူးမှုခင်း နှိမ်နင်းရေးဌာနစုက လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုတွင် ပါဝင်ကျူးလွန်ပြီး တိမ်းရှောင်နေသူများကို ဖမ်းဆီးနိုင်ရေးအတွက် ရဲတပ်ဖွဲ့မှ အပူတပြင်း လိုက်လံစုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။ (၃၁)

# သံအမတ်ကြီး ဦးမျိုးလွင်အား သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်-နိုင်ငံတော်သမ္မတသည် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးလွင်အား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

# မြို့နယ်ပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

၂၀၁၁ ခုနှစ် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီတွင် မကွေးခရိုင် အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲအဖြစ် မကွေးမြို့နယ်အသင်းနှင့် ကံမမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တာဝန်ရှိသူတို့က ပထမဆုရ မကွေးမြို့နယ်အသင်းနှင့် ဒုတိယဆုရ ကံမမြို့နယ်အသင်းတို့မှ အားကစားသမားများ၊ အတိုးတက်ဆုံးဆု၊ နေရာအလိုက်အကောင်းဆုံးဆုနှင့် အကောင်းဆုံးဆုရ အားကစားသမားများအား တစ်ဦးချင်းဆုများကို လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအန့်ဇော်က ပူးတွဲတတိယဆုရ ရေနံချောင်းမြို့နယ်အသင်းနှင့် ပွင့်ဖြူမြို့နယ်အသင်းတို့အား ဆုကြေးငွေကျပ်တစ်သိန်းကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်းက ဒုတိယဆုရ ကံမမြို့နယ်အသင်းအား ဆုကြေးငွေကျပ်နှစ်သိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ပထမဆုရ မကွေးမြို့နယ်အသင်းအား ဆုကြေးငွေကျပ်သုံးသိန်းနှင့် တံခွန်စိုက်ဆုဖလားကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စက်သုံးဆီ ရောင်းဈေးနှုန်းများ

## ၂၉-၁၁-၂၀၁၁ (အင်္ဂါနေ့)

| Mean of Platts Singapore Price(MOPS)အရ ရန်ကုန်ဆိပ်ကမ်းအရောက်ဈေးနှုန်း | ဓာတ်ဆီ 92 Ron | ဒီဇယ်ဆီ |
|---|---|---|
| USD/IG | ၃. ၂၀ | ၃. ၆၆ |
| ကျပ်/ဂါလန် (1 USD=800 Kyats) နိုင်ငံခြားငွေရောင်းဝယ်လဲလှယ်ရေးဌာန (သိမ်ဖြူရောင်းဈေးနှုန်း) | ၂၆၀၀. ၀၀ | ၂၉၆၄. ၆၀ |

| အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများ | (အမေရိကန်ဒေါ်လာ/ဂါလန်) | |
|---|---|---|
| နိုင်ငံ | ဓာတ်ဆီ 92Ron | ဒီဇယ်ဆီ |
| ကမ္ဘောဒီးယား | ၅. ၈၃ | ၅. ၄၄ |
| ထိုင်း | ၄. ၉၉ | ၄. ၁၃ |
| အိန္ဒိယ | ၆. ၀၆ | ၃. ၉၉ |
| တရုတ် | ၄. ၂၀ | ၄. ၃၈ |
| ဘင်္ဂလားဒေ့ရှ် | ၄. ၉၅ | ၃. ၀၈ |
| လာအို | ၆. ၄၇ | ၅. ၃၃ |
| စင်ကာပူ | ၅. ၅၅ | ၇. ၀၉ |
| အင်ဒိုနီးရှား | ၃. ၈၆ | ၃. ၉၆ |
| ဖိလစ်ပိုင် | ၅. ၉၇ | ၄. ၆၅ |
| ဘရူနိုင်း | ၁. ၇၇ | ၁. ၀၈ |
| ကိုရီးယား | ၈. ၀၉ | ၇. ၂၄ |

| ဒေသအလိုက် ပြည်တွင်းရောင်းဈေးနှုန်းများ (ကျပ်/ဂါလန်) | | | | | | |
|---|---|---|---|---|---|---|
| ဒေသများ | ပြည်တွင်းထုတ် ဓာတ်ဆီ | | ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီ 92Ron | | ပြည်ပမှတင်သွင်းသည့် ဒီဇယ်ဆီ | |
| | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း | ပုဂ္ဂလိကဆိုင် ရောင်းဈေးနှုန်း | ပြင်ပ ရောင်းဈေးနှုန်း |
| နေပြည်တော် | ၂၅၀၀ | ၄၇၀၀ | ၃၉၀၀ | ၃၈၀၀ | ၃၆၀၀ | ၃၅၀၀ |
| ရန်ကုန် | ၂၅၀၀ | ၄၃၀၀ | ၃၇၀၀ | ၃၇၀၀ | ၃၅၀၀ | ၃၄၀၀ |
| မန္တလေး | ၂၅၀၀ | ၄၈၀၀ | ၄၁၀၀ | ၄၁၀၀ | ၃၇၀၀ | ၃၇၀၀ |
| ပုသိမ် | ၂၅၀၀ | ၄၅၀၀ | ၃၈၀၀ | ၃၇၀၀ | ၃၆၀၀ | ၃၄၀၀ |
| ပဲခူး | ၂၅၀၀ | ၄၇၀၀ | ၃၇၀၀ | ၃၈၀၀ | ၃၅၅၀ | ၃၅၀၀ |
| ပြည် | ၂၅၀၀ | ၄၇၀၀ | ၃၉၀၀ | ၃၉၀၀ | ၃၆၀၀ | ၃၅၀၀ |
| မကွေး | ၂၅၀၀ | ၄၀၀၀ | ၄၁၀၀ | ၄၀၀၀ | ၃၈၀၀ | ၃၅၀၀ |
| မုံရွာ | ၂၅၀၀ | ၄၇၀၀ | ၄၃၀၀ | ၄၂၀၀ | ၃၉၀၀ | ၃၄၀၀ |
| တောင်ကြီး | ၂၅၀၀ | ၄၉၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၇၀၀ | ၃၇၀၀ |
| လားရှိုး | ၂၅၀၀ | ၃၆၀၀ | ၄၃၅၀ | ၃၉၀၀ | ၃၉၀၀ | ၃၅၀၀ |
| ကျိုင်းတုံ | - | - | ၃၉၅၀ | ၃၉၅၀ | ၄၁၀၀ | ၄၁၀၀ |
| မော်လမြိုင် | ၂၅၀၀ | ၃၉၀၀ | ၄၁၀၀ | ၃၆၀၀ | ၃၇၀၀ | ၃၄၀၀ |
| လွိုင်ကော် | ၂၅၀၀ | ၅၀၀၀ | ၄၁၀၀ | ၄၁၀၀ | ၃၇၅၀ | ၃၇၅၀ |
| ဘားအံ | ၂၅၀၀ | ၃၆၀၀ | ၃၆၀၀ | ၃၄၀၀ | ၃၇၀၀ | ၃၅၀၀ |
| မြိတ် | ၂၅၀၀ | ၂၈၀၀ | - | ၃၂၀၀ | - | ၃၀၀၀ |
| စစ်တွေ | ၂၅၀၀ | ၅၁၀၀ | - | - | ၃၆၀၀ | ၃၄၀၀ |
| မြစ်ကြီးနား | ၂၅၀၀ | ၄၈၀၀ | - | ၄၅၀၀ | ၃၉၀၀ | ၃၉၀၀ |
| ဟားခါး | ၂၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၄၈၀၀ | ၄၁၀၀ | ၄၀၀၀ |

၁။ လွတ်လပ်စွာ ပုဂ္ဂလိကတင်သွင်းဖြန့်ဖြူးရောင်းချနေသည့် ဓာတ်ဆီ 92 Ron နှင့် ဒီဇယ်ဆီရောင်းဈေးနှုန်းများသည် အိမ်နီးချင်းနိုင်ငံများ၏ ရောင်းဈေးနှုန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက သက်သာမှုရှိသည်ကို တွေ့ရှိရသော်လည်း နေ့စဉ် MOPS ဈေးနှုန်းအရ ရန်ကုန်ဆိပ်ကမ်းအရောက် ဈေးနှုန်းအပေါ်တွင် ခန့်မှန်းရောင်းဈေးနှုန်းကို တွက်ချက်ကြည့်မည်ဆိုပါက ဖြစ်သင့်ဖြစ်ထိုက်သည့် ရောင်းဈေးနှုန်းများထက် ပိုများနေကြောင်း တွေ့ရှိရပါသည်။

၂။ ပြည်တွင်းထုတ်ဓာတ်ဆီကို တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကအရောင်းဆိုင်များမှ တစ်ဂါလန်လျှင် ၂၅၀၀ိ/ ဈေးနှုန်းတစ်ပြေးညီဖြင့် ဖြန့်ဖြူးရောင်းချပေးနေသော်လည်း ပြင်ပပေါက်ဈေးနှုန်းသည် ဝိသမလောဘသမားများကြောင့် အဆမတန်မြင့်တက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ **(စွမ်းအင်ဝန်ကြီးဌာန)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်

## တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ H. E. Mr. Xijinping အားတွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၉

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ H. E. Mr. Xijinping နှင့် နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံသည်။**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့်တရုတ် နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဆိုင်ရာ အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော အမျိုးသားစည်းလုံး ညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ် သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ် ခင်အောင်မြင့်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက် ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ သမ္မတနှင့်အတူ ဒုတိယစစ်ဦးစီးအရာရှိချုပ် General Ma Xiaotian၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ပ ဆက်ဆံရေးရုံး ညွှန်ကြားရေးမှူး Qian Li Hua၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Liu Zxel Min၊ ပြည်ပဆက်ဆံရေးဌာန အာရှရေးရာဗျူရိုမှူး Senior Colonel Wu Xiao Yi နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel. Xiong Shao Wei တို့ တက်ရောက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံအဖွဲ့ဝင်များသည် ခန်းမအတွင်း၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ H. E. Mr. Xijinping နှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား

## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၂၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက်ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပေကျင်းမြို့ရှိ Bayi (ဩဂုတ်-၁) တပ်မတော်ခန်းမ၌ ကျင်းပရာ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီး ချုပ် General Chen Bingde က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြ သည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကလည်း တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် General Chen Bingde အား မြန်မာ့တပ်မတော် အဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင် များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် General Chen Bingde တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် အမျိုးသားသီချင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား သီချင်းတို့ကို တီးမှုတ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် General Chen Bingde တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ကျော်ဇော၊ ရန်ကုန်တိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးတင်ဦး၊ စစ်သံမှူး ဗိုလ်မှူးကြီးတင့်ဝေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde နှင့်အတူ ဒုတိယ စစ်ဦးစီးချုပ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့◆**





**အလေးပြုခြင်းခံယူ**

**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်နှင့် တရုတ် ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် စစ်ဦးစီးချုပ် General Chen Bingde တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြု ခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)